China • YUNNAN HEADLINE
၁၂-၁၈ ဇူလိုင်၊ ၂၀၁၆ Vol.50
Yunnan Daily Press Group
ရန်ကုန်တိုင်းမ်
THE YANGON TIMES
A

# မန်စီမြို့တွင် မြန်မာ့သဘာဝဓာတ်ငွေ့သုံးစွဲလာ

ယခုရက်ပိုင်းတွင် မြို့ပြသုံးသဘာဝဓာတ်ငွေ့စခန်း၏အခင်ဖွင့်လှစ်လာသည်နှင့်အမျှ မြန်မာနိုင်ငံမှ ပို့လွှတ်လာသော သဘာဝဓာတ်ငွေ့များကို မန်စီမြို့တွင်းပိုက်လိုင်းကွန်ရက်အတွင်းထဲသို့ ဝင်ရောက်လာသည်။ ဤအချိန်မှစ၍ မန်စီမြို့တွင်းမှ သုံးစွဲသူများသည် မြန်မာ့သဘာဝဓာတ်ငွေ့ကို အသုံးပြုနိုင်ကြပြီဖြစ်သည်။

တရုတ်-မြန်မာရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်းဖြင့် သဘာဝဓာတ်ငွေ့တရားဝင်ပို့လွှတ်ပေးခြင်းမှာ မြို့သူမြို့သားများအား အစိမ်းရောင်စွမ်းအင်သုံးစွဲမှုမှပါလာသောအကျိုးကျေးဇူးခံစားစေနိုင်သည်။ တယ်ဟုန်ပြည်နယ်ခွဲ အစိုးရမှ မြို့ပြပိုက်လိုင်းပို့ သဘာဝဓာတ်ငွေ့လုပ်ငန်းကို အထူးလုပ်ကိုင်ခွင့်ပြုပေးသည့် တယ်ဟုန်အိုင်ကျုံ လောင်စာဓာတ်ငွေ့ကုမ္ပဏီသည် သဘာဝဓာတ်ငွေ့၏ ဈေးနှုန်းအပေါ် ပြုပြင်လျှော့ချသွားမည်ဖြစ်ကြောင်း၊ စီးပွားရေးဆိုင်ရာသဘာဝဓာတ်ငွေ့သုံးစွဲသူများအတွက် များစွာဈေးလျှော့ပြီး ယခင် ၅ ယွမ်/ကုဗမီတာမှ ၂. ၇၂ ယွမ်/ကုဗမီတာအထိ လျှော့ချသွားမည်ဖြစ်ကြောင်း၊ မြို့သူမြို့သားများအတွက် ယခင် ၃. ၅ ယွမ်/ကုဗမီတာမှ ၃. ၃၁ ယွမ်/ကုဗမီတာအထိ လျှော့ချသွားမည်ဖြစ်ကြောင်း သိရှိရသည်။

တရုတ်-မြန်မာရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်းမှ တရုတ်ပြည်တွင်းသို့ ဝင်ရောက်လာသည့် ပထမခုမြောက်သောဒေသအဖြစ် တယ်ဟုန်ပြည်နယ်ခွဲသည် သဘာဝဓာတ်ငွေ့အသုံးပြုဖြန့်ဖြူးရေးလုပ်ငန်းကို အရှိန်အဟုန်ဖြင့်အကောင်အထည် ဖော်ဆောင်လျက်ရှိနေသည်။ ၂၀၀၈ ခုနှစ်တွင် စီချွမ်းပြည်နယ်ကွမ်အမ်းအိုက်ကျုံ လောင်စာဓာတ်ငွေ့ကုမ္ပဏီသည် တယ်ဟုန်ပြည်နယ်ခွဲအစိုးရနှင့် 《မြို့ပြပိုက်လိုင်းပို့ သဘာဝဓာတ်ငွေ့လုပ်ငန်းလုပ်ကိုင်ရန် အထူးခွင့်ပြုပေးသော သဘောတူစာချုပ်》 လက်မှတ်ရေးထိုးခဲ့ပြီး တယ်ဟုန်အိုက်ကျုံလောင်စာဓာတ်ငွေ့ကုမ္ပဏီလီမိတက်တည်ထောင်ခဲ့သည်။ တယ်ဟုန်ပြည်နယ်ခွဲတွင် နှစ်(၃၀)သက်တမ်းအတွင်း ပိုက်လိုင်းပို့ သဘာဝဓာတ်ငွေ့နှင့်မော်တော်ကားသုံး CNG သဘာဝဓာတ်ငွေ့လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိခဲ့သည်။ တယ်ဟုန်ပြည်နယ်ခွဲအတွင်း သဘာဝဓာတ်ငွေ့ထောက်ပံ့ရေးလုပ်ငန်းကို တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်သည်။ မန်စီမြို့တွင်းဝင်ရောက်နိုင်မည့် အလတ်စားဖိအားသုံး သဘာဝဓာတ်ငွေ့ပိုက်လိုင်း စီမံကိန်းဆောက်လုပ်ပြီးနောက် တရုတ်-မြန်မာရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းနှင့် ချိတ်ဆက်ပြီး သဘာဝဓာတ်ငွေ့တရားဝင်ပို့လွှတ်နိုင်ရန် တယ်ဟုန်အိုက်ကျုံလောင်စာဓာတ်ငွေ့ ကုမ္ပဏီလီမိတက်



သည် မန်စီမြို့ကွမ်မူရွာ၌ မြို့ပြသဘာဝဓာတ်ငွေ့အခင်ဆောက်လုပ်ကာ မြို့တွင်းသဘာဝဓာတ်ငွေ့ ပိုက်လိုင်းကွန်ရက်နှင့်ချိတ်ဆက်ခဲ့ပြီးဖြစ်သည်။ နေ့စဉ် သဘာဝဓာတ်ငွေ့ ကုဗမီတာပေါင်း ၂. ၅ သိန်း ပို့လွှတ်နိုင်သဖြင့် လာမည့် နှစ်(၃၀)အတွင်း မန်စီမြို့၏သဘာဝဓာတ်ငွေ့သုံးစွဲရန်လိုအပ်ချက်ကို ရောင့်ရဲတင်းတိမ်နိုင်သည်။

သတင်းထောက် - ဝမ်ယွင်ရွှေ

# “နန်ကျန့်ထျောက်ချိုင့်” ကျောင်းဝင်းထဲ ဝင်ရောက်ပြသ

တရုတ်နိုင်ငံတော်၏ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စီမံကိန်းဖြစ်သည့်“နန်ကျန့်ထျောက်ချိုင့်”သည် နန်ကျန့်ခရိုင်၏ထွန်းပသောနာမည်ကတ်တစ်ချပ်ဖြစ်သည်။ ဤအမှတ်တံဆိပ်ကို ကောင်းမွန်အောင်ဖော်ထုတ်ပြုစုဆက်ခံပြန့်ပွား ထွန်းကားစေနိုင်ရန် ဆက်ခံသူများသည် စာသင်ကျောင်း၊ ကျေးလက်၊ ရုံးဌာနများသို့အခါအားလျော်စွာကွင်းဆင်း၍ ဆရာများ၊ ကျောင်းသားများ၊ အရပ်ပိုင်းအနုပညာရှင်များ၊ ဝန်ထမ်းများအား နန်ကျန့်ထျောက်ချိုင့်သင်တန်းဖွင့်လှစ်ခြင်းဖြင့် ဆက်ခံသူများကို မွေးထုတ်ကာ တိုင်းရင်းသားယဉ်ကျေးမှုပြန့်ပွားစေကြသည်။

မိတ်ဆက်ခြင်းအရ “နန်ကျန့်ထျောက်ချိုင့်” အမှတ်တံဆိပ်ကိုကောင်းမွန်အောင်လုပ်ဆောင်နိုင်ရန် နန်ကျန့်ခရိုင်သည် “ ‘တစ်’လုပ်ငန်း(၁၀)ရပ်”ကို ကောင်းမွန်စွာ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ယင်း“ ‘တစ်’လုပ်ငန်း(၁၀)ရပ်” မှာ ဥပဒေတစ်ပုဒ်ကို အသက်ဝင်အောင် အသုံးပြုရန်၊ ပြတိုက်တစ်ခုကိုကောင်းမွန်အောင်ဆောက်လုပ်ရန်၊ ဆက်ခံတင်ဆက်ပြသမှု စင်တာတစ်ခုကို တည်ဆောက်ရန်၊ မှတ်တမ်းတင် ရုပ်ရှင်တစ်ကားကို ရိုက်ကူးရန်၊ အကောင်းဆုံးသော ရှုခင်းတစ်ခုကို တည်ဆောက်ရန်၊ သရုပ်တစ်ခုကို ကောင်းမွန်စွာဆောင်းရန်၊ အဆက်တွဲစာအုပ်တစ်စုံကို ရေးသားပြုစုရန်၊ ကမ္ဘာ့စာရင်းဝင်အမွေအနှစ်တစ်ရပ်ကို လျှောက်ထားရန်၊ မီနီရုပ်ရှင်တစ်ကားကို ရိုက်ကူးရန်၊ စာသင်ချိန်တစ်ချိန်ကို ကောင်းမွန်စွာတက်ရန် စသည်တို့ဖြစ်ကြောင်း၊ “ ‘တစ်ရာ’စီမံကိန်း(၅)ရပ်”ကို ကောင်းမွန်စွာလုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ယင်း“‘တစ်ရာ’ စီမံကိန်း(၅)ရပ်”မှာ လက်ရှိကျေးလက်ဝါသနာရှင်အနုပညာတင်ဆက်မှုအဖွဲ့(၁၀၀)ကျော်ပေါ်အခြေခံ၍ တိုင်းရင်းသားနှင့် အရပ်ဘက်ယဉ်ကျေးမှုကို ဖော်ထုတ်ရန်၊ တိုင်းရင်းသားယဉ်ကျေးမှုဆက်ခံသူများကို မွေးထုတ်ရန်၊ အရည်အချင်းပြည့်မီသော ထျောက်ချိုင့်အဖွဲ့(၁၀၀)ဖွဲ့ကို တည်ထောင်ရန်၊ ရှုခင်း၊ ရှုခင်းဇုန်၊ ဟိုတယ်၊ စားသောက်ဆိုင်၊ ကျေးလက်နေအိမ် အပျော်ခရီးစဉ်တို့အပေါ်အခြေခံ၍ ကျေးလက်နေအိမ်အပျော်ခရီးစဉ်နှင့် ယဉ်ကျေးမှုအနုပညာအပြန်အလှန် ပေါင်းသွင်းစေသည့်နည်းလမ်းဖြင့် နာမည်ကျော်ထျောက်ချိုင့်ဆိုင်(၁၀၀)ဆိုင်ကို တည်ထောင်ရန်၊ ခရိုင်ထျောက်ချိုင့်အနုပညာအဖွဲ့၊ ခရိုင်သက်မွေးအထက်တန်းကျောင်းတို့တွင် ထျောက်ချိုင့် ပညာသင်ကြားရေး၊ နာမည်တပ်ပေးပြီးဖြစ်သည့် “ထျောက်ချိုင့်မိသားစု”နှင့်ထျောက်ချိုင့်အနုပညာဆက်ခံသူများကို ကယ်ရီယာအဖြစ်ထားပြီး ထျောက်ချိုင့်အနုပညာရှင် (၁၀၀)ကို မွေးထုတ်သွားရန်၊ နာမည်ကျော်ထျောက်ချိုင့်ဆိုင်(၁၀၀)အား ဒေသအလိုက်သင့်တော်သည့်နည်းလမ်းများဖြင့် တည်ထောင်၍ ထျောက်ချိုင့်ဇာတ်စင်(၁၀၀)ကို တည်ထောင်ရန်၊ ထျောက်ချိုင့်ရွာကို ရှေ့ဆောင်ရှေ့ရွက်အဖြစ်ထားပြီး ဝေဖန်သုံးသပ်ခြင်း၊ အမည်တပ်ခြင်းမှတစ်ဆင့် နာမည်ကျော် ထျောက်ချိုင့်ရွာ(၁၀၀)ကို တည်ထောင်ကာ “နန်ကျန့်ထျောက်ချိုင့်”အား ပြည်တွင်းပြည်ပမှ ပိုမိုကျယ်ပြန့်သော၊ ပိုမိုကြီးမားသော ယဉ်ကျေးမှုဇာတ်စင်ကြီးများသို့ တက်လှမ်းစေရန်စသည်တို့ဖြစ်ကြောင်း သိရှိရသည်။



သတင်းထောက် - ကျိုရှမ်းရွှင်



# “ရောင်စုံယူနန်”သည် ကုလသမဂ္ဂ palace of Nations တွင် တင်ဆက်

မကြာမီယူနန်ပြည်နယ် ပြည်ပဆက်ဆံရေးအသင်းမှ အနုပညာအဖွဲ့သည် ဆွစ်ဇလန်၊ ဂျာမနီ၊ ဩစတြီးယားနိုင်ငံသို့ ချစ်ကြည်ရေးခရီးလည်ပတ်ခဲ့ကြောင်း၊ ယခုရက်ပိုင်းတွင်လည်း ဆွစ်ဇလန်နိုင်ငံ ဂျီနီဗာမြို့ရှိ ကုလသမဂ္ဂ palace of Nations တွင် ပထမဆုံးအကြိမ်အဖြစ် တင်ဆက်ဖျော်ဖြေခဲ့ပြီး လှိုက်လှဲသောတုံ့ပြန်မှု ရရှိခဲ့ကြောင်း ယူနန်ပြည်နယ် ပြည်ပဆက်ဆံရေးအသင်းမှ သိရှိရသည်။

ဂျီနီဗာမြို့ရှိ ကုလသမဂ္ဂရုံးချုပ်အခြေစိုက် တရုတ်ကိုယ်စားလှယ်ရုံးမှ ဝန်ထမ်းများ၊ ဂျီနီဗာမြို့အခြေစိုက်နိုင်ငံအချို့မှ သံတမန်များ၊ ထောင်နှင့်ချီသော ကုလသမဂ္ဂလက်အောက်ရှိ အဖွဲ့အစည်းတို့မှ ဝန်ထမ်းများ၊ ဒေသခံပင်လယ်ရပ်ခြားရောက် တရုတ်အိုဗာစီနှင့်တရုတ်အမျိုးသားများက တင်ဆက်ဖျော်ဖြေပွဲကို ကြည့်ရှုခဲ့ကြသည်။ တင်ဆက်ဖျော်ဖြေပွဲတွင် ယူနန်ပြည်နယ် ပြည်ပဆက်ဆံရေးအသင်း အနုပညာအဖွဲ့သည် တိဗက်တိုင်းရင်းသား၊ တိုင်(ရှမ်း)တိုင်းရင်းသား အဆိုအကများ တင်ဆက်ဖျော်ဖြေခြင်းဖြင့် ရောင်စုံယူနန်၏ နှုတ်ခွန်းဆက်သမှုကို ဆောင်ကြဉ်းသွားပြီး တင်ဆက်ရာနေရာ၌ ပရိသတ်များက အဆက်မပြတ်လက်ခုပ်ဩဘာပေးခဲ့ကြသည်။ တစ်နာရီကျော်ကြာ တင်ဆက်ခြင်းအားဖြင့် ယူနန်၏ ထူးခြားမျိုးစုံသော တိုင်းရင်းသားအဆိုအကနှင့် ဓလေ့ထုံးစံများကို ပြသခဲ့သည်။ တင်ဆက်ပွဲမှတစ်ဆင့် ပရိသတ်များအား ယူနန်ကိုသိရှိစေသည်၊ ခံစားစေသည်။ ယူနန်ပြည်နယ် ပြည်ပဆက်ဆံရေးအသင်းအနုပညာအဖွဲ့သည် ဇွန်လ ၁၃ ရက်တွင် တည်ထောင်ခဲ့ခြင်းဖြစ်ကြောင်း၊ ယူနန်ပြည်နယ် ပြည်ပဆက်ဆံရေးအသင်းမှ ပြည်ပနှင့်ဆက်ဆံဖလှယ်ရန် အရပ်ပိုင်းဆိုင်ရာ လမ်းကြောင်းဖြစ်ကြောင်း၊ အသင်းအနေနှင့် ယူနန်ကို ပိုမိုကောင်းမွန်စွာ မိတ်ဆက်ရှင်းလင်းပြီး ယဉ်ကျေးမှုအရ ပင်လယ်ရပ်ခြားရောက်တရုတ်အိုဗာစီနှင့်တရုတ်အမျိုးသားများနှင့် ပိုမိုဖလှယ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

သတင်းထောက် - လော်ရုံချန်